**မိဘအုပ်ထိန်းသူများ**

ကျောင်း ပြန်လည် ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို မိဘအုပ်ထိန်းသူများ တို့အနေဖြင့် စောင့်ဆိုင်းနေမှုအတွက် အထူးပင် ကျေးဇူးတင်ပါသည်။ ယခုအချိန်တွင် အစိုးရမှ လမ်းညွှန်းချက်များကို နှင့် ကျောင်းအနေဖြင့် လိုက်နာ သိရှိရမည့် အကြောင်းအရာများကို အောက်တွင် အကျဉ်းချုပ် ဖော်ပြပေးပါမည်။

လာမည့် ရက်သတ္တပတ်များအတွင်း ကျောင်း ပြန်လည် ဖွင့်လှစ်မည့် အစီအစဉ်များကို တီထွင် အကောင်အထည်ဖော်မည် ဖြစ်ပါသောကြောင့် CISM မိသားစုဝင်များကို ဘေးကင်းလုံခြုံစွာ ကြိုဆိုနိုင်မည် ဖြစ်ပါသည်။

**<u>ကြိုတင်ကာကွယ်မှုများတွင် ပါဝင်သော အချက်များ</u>**

**(၁) <u>ကျောင်းသား၊ကျောင်းသူများ၏ စာသင်ချိန်များ ကို ခွဲခြားခြင်း</u>**

ကျောင်းသား၊ ကျောင်းသူများကို အချိန် (၂) ချိန်ခွဲ၍ သင်ကြား ပို့ချပေးသွားမည် ဖြစ်ပါသည်။ မနက်ပိုင်းတွင် Secondary ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပို့ချပေးပြီး နေ့ခင်းပိုင်းတွင် Primary ကျောင်းသား၊ကျောင်းသူများကို သင်ကြားပို့ချရန် စီစဉ်ထားပါသည်။ ထိုကဲ့သို့ စီစဉ်ထားရခြင်းမှာ စာသင်ခန်း တစ်ခန်းတွင် ကျောင်းသား၊ ကျောင်းသူ အရေအတွက်ကို ကန့်သတ်ထား၍ သင်ကြားပေးမည်ဖြစ်သောကြောင့် စာသင်ခန်းများ လုံလောက်စွာ မရှိသောကြောင့် ဖြစ်သည်။ စာသင်ချိန် တစ်ချိန်နှင့် တစ်ချိန် အကြားတွင် သန့်ရှင်းရေး ပြုလုပ်မည် ဖြစ်ပါ၍ အချိန် (၂) ချိန်ခွဲ၍ သင်ကြားပို့ချရန် စီစဉ်ထားခြင်း ဖြစ်သည်။

**(၂) <u>အတန်းအရွယ်အစားများကို ကန့်သတ်ခြင်း</u>**

အခန်းတစ်ခန်းလျှင် ကျောင်းသား၊ ကျောင်းသူ (၈) ယောက် ကို ဆရာ၊ဆရာမ (၁)ဦး သာ သင်ကြားရန် ဖြစ်သည်။

**(၃) <u>သင်ယူမှု နည်းလမ်းသစ် ထောက်ပံ့ခြင်း</u>**

ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းမှ စီစဉ်ထားသည့် သင်ရိုးညွှန်းတမ်းများကို အွန်လိုင်း မှ သင်ကြားမှုဖြင့် သင်ကြားရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြင်ပလှုပ်ရှားမှု သင်ရိုးညွှန်းတမ်းများ ထက် အဓိကကျသော ဘာသာရပ်များကို သင်ကြားလေ့လာရမည့် ဖြစ်ပါသည်။

**(၄) <u>သန့်ရှင်းရေး တိုးမြှင့်ခြင်း</u>**

အတန်းတိုင်းတွင် ကလေးများ၏ ကျန်းမာရေးအတွက် သန့်ရှင်းမှုကို အလေးပေး၍ စီစဉ်ထားခြင်းဖြစ်သည်။ ကျောင်းသား၊ကျောင်းသူများအတွက် လက်ကို စနစ်တကျ ဆေးခြင်း နှင့် လက်သန့်ဆေး (hand Sanitizer) များကို စနစ်တကျ ပုံမှန် အသုံးပြုရန် ဆရာ၊ ဆရာမများမှ ညွှန်ကြားပေးပါမည်။ ကျောင်းမှ သန့်ရှင်းရေး အဖွဲ့များမှ လည်း ကျောင်းသား၊ ကျောင်းသူများ အထိအတွေ့များသော နေရာများ နှင့် တံခါးလက်ကိုင်များကိုလည်း မကြာခဏ သန့်ရှင်းရေး ပြုလုပ်ပါမည်။

**(၅) <u>လူအများနှင့် ထိတွေ့မှုများကို ရှောင်ကြည်ခြင်း</u>**

ကျောင်းသား၊ကျောင်းသူများကို တစ်ဦးနှင့် တစ်ဦး ဝေးနိုင်သမျှ အဝေးတွင် ထားရှိမည်ဖြစ်သော်လည်း ကျောင်းဝန်းအတွင်း တင်းကျပ်သော အကွာအဝေးကို ထိန်းသိမ်းရန် မလွယ်ကူလှပါ။ကျွန်ုပ်တို့၏

စီမံခွဲခန့်ခွဲမှု သည် အသစ်သော စည်းမျဉ်းစည်းကမ်းများကို ကလေးများ ရှင်းလင်းစေရန် ချိန်ညှိပေးပါလိမ့်မည်။ စည်းကမ်းလိုက်နာသော ကျောင်းသား၊ကျောင်းသူများ အတွက် ချီးကျူး ဂုဏ်ပြုမည်ဖြစ်သော်လည်း စည်းကမ်းချိုးဖောက်သူများအတွက် အရေးယူမှုများလည်း ရှိပါမည်။ လူတိုင်း ဘေးကင်းလုံခြုံစေရန် အတွက် အရေးယူမှုများကို တင်းကြပ်စွာ ပြဌာန်းမည်ဖြစ်ပြီး ပြင်းထန်သော ကိစ္စရပ်များတွင် ကျောင်းမှ အရေးယူမှုများကို ပြုလုပ်သွားပါမည်။

**(၆) <u>မုန့်စားဆင်းချိန်နှင့် ကျောင်းပို့ ၊ကျောင်းကြိုချိန်များ။</u>**

ကျောင်းပရဝဏ် နှင့် ကျောင်း အနီးတစ်ဝိုက်ရှိ ကျောင်းသား၊ကျောင်းသူများ၏ လှုပ်ရှားမှုများသည် အလွန်အမင်း ကန့်သတ်ချက်ရှိသည်။ အတန်းထဲတွင်ဖြစ်စေ၊ Cafeteria ဖြစ်စေ ကျောင်း သတ်မှတ်ထားသော နေရာတွင်ကိုသာ အသုံးပြုရမည်။ ကျောင်းသား ကျောင်းသူများ အနေ ဖြင့် မိမိတို့ အိမ်မှ စားစရာများကို ယူဆောင်လာနိုင်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ၏ အမည်ရေးထားသော ကိုယ်ပိုင်ရေဘူးများကို အခြားသူများ မထိမကိုင်စေရန် ယူဆောင်လာသင့်သည်။ စာသင်ခန်းပြင်ပ အားလပ်ချိန် ရှိသော်လည်း အခြားသူများနှင့် သီးခြားနေရမည်။

အခြားအတန်းများမှ ကလေးများနှင့် ထိတွေ့မှု မရှိစေရန် သတ်မှတ်ချိန်တွင် ကျောင်းကို ရောက်ရန် နှင့် ကျောင်းလာကြိုသည့်အခါတွင်လည်း မိဘများအနေဖြင့် မိမိတို့၏ ကားပေါ်တွင်သာ စောင့်ဆိုင်းရမည်။

**(၇) <u>ရက်ချိန်းရယူခြင်း</u>**

မိဘများနှင့် အခြားဧည့်သည်များသည် ရက်ချိန်း (Appointment) မပြုလုပ်ဘဲ ကျောင်းဝန်းအတွင်း သို့ ဝင်ခွင့်မပြုပါ။ တယ်လီဖုန်းဖြင့် စကားပြောဆိုရန် ကျွန်ုပ်တို့ အဆင်သင့်ရှိပါသည်။ တွေ့ဆုံရန် လိုအပ်ပါက ချိန်းဆိုချက် (Appointment) ပြုလုပ်ပြီး Social Distancing စည်းကမ်းများကို အစည်းအဝေး တစ်လျှောက်လုံး လိုက်နာရမည်။

**(၈) <u>Coronavirus ရှိသော ကျောင်းသားများနှင့် ဝန်ထမ်းများကို အိမ်တွင်သာ နေစေခြင်း။</u>**

အကယ်၍ သင့်ကလေး (သို့) အိမ်ရှိ လူတစ်ယောက် မှ Covid 19 လက္ခဏာများဖြစ်သော ကိုယ်ပူချိန် မြင့်မားခြင်း၊ ချောင်းဆိုခြင်း၊ အနံ့ (သို့) အရသာများ မရရှိခြင်း စသည့် လက္ခဏာများ ပြခဲ့ပါက သူတို့ကို မပို့သင့်ဘဲ စမ်းသပ်ခြင်းနှင့် သီးသန့်ထားခြင်းနှင့် ပတ်သက်သော အစိုးရ၏ လမ်းညွှန်ချက်များကို လိုက်နာသင့်ပါသည်။ အကြံဉာဏ် များ တောင်းခံရန် ကျောင်းသို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။ အကယ်၍ သင့်ကလေးသည် ကျောင်းတွင် ရောဂါလက္ခဏာ ပြလာပါက အိမ်သို့ ချက်ချင်း ပြန်ပို့မည်ဖြစ်ပြီး အစိုးရ၏ လမ်းညွှန်ချက်များကို လိုက်နာရပါမည်။

ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးကို ရှေးရှု၍ ထိုကဲ့သို့သော စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားရခြင်းကို မိဘများမှ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ပါသည်။

မေးမြန်းစရာများ ရှိပါက ကျောင်းသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မိဘအုပ်ထိန်းသူတို့၏ ဆက်လက် ထောက်ပံ့မှုများအတွက် ကျေးဇူးတင်ပါသည်။